**(နိဂုံးနှင့် ဥယျောဇဥ်)**

**ခုဒ္ဒကနိကာယ်စရိယာပိဋကပါဠိတော်-စရိယာပိဋက-နာ ၃၈**

(ငါသည်) ဤသို့လျှင် ဘဝကြီးငယ်၌ အထူးထူးအပြားပြားသော ဆင်းရဲဒုက္ခကိုလည်းကောင်း၊ အထူးထူးအပြားပြားသော စည်းစိမ်ချမ်းသာကိုလည်းကောင်း ခံစားစံစား၍ မြတ်သော သမ္ဗောဓိဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် ပေးလှူအပ်သော အလှူဝတ္ထုကို ပေးလှူ၍ (ဒါနပါရမီကို ဖြည့်ကျင့်၍) သီလပါရမီကို အကြွင်းမဲ့ဖြည့်ကျင့်ပြီးလျှင် နေက္ခမ္မပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သော သမ္ဗောဓိဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် ပညာရှိတို့ကို အဖန်ဖန် မေးမြန်း၍ (ပညာပါရမီကို ပြည့်စေ၍) မြတ်သော ဝီရိယပါရမီကိုပြုပြီးလျှင် ခန္တီပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သော သမ္ဗောဓိဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် အဓိဋ္ဌာန်ပါရမီကို မြဲမြံစွာ ဆောက်တည်ခြင်းကို ပြု၍ သစ္စာပါရမီကို ဖြည့်ကျင့်ပြီးလျှင် မေတ္တာပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သော သမ္ဗောဓိဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် လာဘ်ရခြင်း လာဘ်မရခြင်း၌လည်းကောင်း၊ ချမ်းသာခြင်း ဆင်းရဲခြင်း၌လည်းကောင်း၊ မြတ်နိုးခြင်း မမြတ်နိုးခြင်း၌လည်းကောင်း အလုံးစုံတို့၌ အတူအမျှ ဖြစ်၍ (ဥပေက္ခာပါရမီကို ဖြည့်ကျင့်၍) မြတ်သော သမ္ဗောဓိဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ပျင်းရိခြင်းကို ဘေးအားဖြင့် ရှု၍ အားထုတ်ခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ထက်သန်သော ဝီရိယရှိသူတို့ ဖြစ်ကြကုန်လော့။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

ငြင်းခုံခြင်းကို ဘေးအားဖြင့် ရှု၍ မငြင်းခုံခြင်းကို လည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ညီညွတ်သူ၊ ပြေပြစ်သူတို့ ဖြစ်ကြကုန်လော့။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

မေ့လျော့ခြင်းကို ဘေးအားဖြင့် ရှု၍ မမေ့လျော့ခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများကြကုန်လော့။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

နိဂုံးနှင့် ဥယျောဇဥ်
မြတ်စွာဘုရားသည် ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် မိမိ၏ ရှေးရှေးဘဝ အကျင့်ကို ထင်ရှားပြလျက် ဗုဒ္ဓအပဒါန်မည်သော တရားဒေသနာတော်ကို ဟောတော်မူခဲ့ပေသတည်း။ ။

-စရိယာပိဋကပါဠိတော် မြန်မာပြန် နောက်ဆုံးအပိုဒ် မှ ကောက်နုတ်ပါသည်။